ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် (၂၁ ) ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | ပြည်သူ့လွှတ်တော်ရေးရာကော်မတီများ ဖွဲ့စည်းခြင်း | ၂ - ၄ |
| ၂။ | ပြည်သူတို့၏အခွင့်အရေးများကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးနေသော စာချွန်တော်အမိန့်များ ဖြစ်တည်လာပုံ | ၅ - ၉ |
| ၃။ | နယ်သာလန်နိုင်ငံတွင် လိင်စိတ်ပြောင်းလဲကုသခြင်း (Conversion Therapy) ကို ပိတ်ပင်သည့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းခြင်း | ၁၀-၁၂ |
| ၄။ | ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများကျင်းပရာ နေရာအနီးတွင် Droneများ ပျံသန်းမှုကို အရေးယူခြင်း | ၁၃-၁၄ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၂၁ )　　　　၂၀၂၆ ခုနှစ် ဇူလိုင်လ ၃ ရက်

# ပြည်သူ့လွှတ်တော်ရေးရာကော်မတီများ ဖွဲ့စည်းခြင်း

ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများ နည်းဥပဒေ ၁၀၆ တို့ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့မှ ၁၈ ရက်နေ့ထိ ကာလအတွင်း အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ရေးရာ ကော်မတီ ၁၈ ခုကို ဖွဲ့စည်းခဲ့ကြောင်းသိရှိရပါသည် -

(၁) ကော်မတီအဖွဲ့ဝင်များ အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းကော်မတီ၊

(၂) အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ၊

(၃) ကျန်းမာရေးနှင့် အားကစားဆိုင်ရာကော်မတီ၊

(၄) နယ်စပ်ဒေသ၊ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေးကော်မတီ၊

(၅) တောင်သူလယ်သမားရေးရာကော်မတီ၊

(၆) လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာ ကော်မတီ၊

(၇) ပညာရေးမြှင့်တင်မှုကော်မတီ၊

(၈) ပြည်တွင်း၊ ပြည်ပအလုပ်သမား ဆိုင်ရာကော်မတီ၊

(၉) သတ္တု၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊

(၁၀) နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၊

(၁၁) စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊

(၁၂) ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ၊

(၁၃) ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၊

(၁၄) ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊

(၁၅) စီမံကိန်းနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊

(၁၆) စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊

(၁၇) ပို့ဆောင်ဆက်သွယ်ရေး၊ ဒီဂျစ်တယ်နှင့် သိပ္ပံနည်းပညာကော်မတီ၊

(၁၈) တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကော်မတီ။

ယင်းကော်မတီများသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (ဇ) အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ ဖြစ်ပါသည်။

ကော်မတီများ၏ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားရှိပြီး သက်တမ်းမှာ စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သော်လည်း ယင်းတို့၏လုပ်ငန်းတာဝန်များအရ လိုအပ်ပါက တစ်နှစ်ပြည့်မြောက်သည့်အခါ သက်တမ်းတိုးနိုင်ကြောင်းလည်း သိရှိရပါသည်။

ကော်မတီဝင်များသည် သက်ဆိုင်ရာကော်မတီအလိုက် သတ်မှတ်ထားသည့်တာဝန်များကို ဆောင်ရွက်ရမည်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိကြောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော်ကော်မတီနှစ်ခုထက်ပို၍ ပါဝင်ဆောင်ရွက်နိုင်ခွင့်မရှိကြောင်းနှင့် ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိကြောင်း သိရှိရပါသည်။

ကော်မတီများသည် ပြည်ထောင်စုအစိုးရအဖွဲ့ အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား လည်းကောင်း၊ လုပ်ငန်း

နှင့် ဆက်စပ်သောအကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအား လည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်းတို့ ပြုလုပ်နိုင်ကြောင်း သိရှိရပါသည်။

နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊
ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**သတင်းအရင်းအမြစ်:**

website link – pyithu.hluttaw.mm

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၂၁ ) ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃ ရက်

## ပြည်သူတို့၏အခွင့်အရေးများကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးနေသော စာချွန်တော်အမိန့်များ ဖြစ်တည်လာပုံ

စာချွန်တော်အမိန့်လျှောက်ထားခြင်းဆိုသည်မှာ တရားရုံးအဆင့်ဆင့်၏ စီရင်ချက်အမိန့်နှင့် ဒီကရီများ၊ ဝန်ကြီးဌာနများနှင့် စီမံခန့်ခွဲရေးဆိုင်ရာအဖွဲ့အစည်းများ၏ တရားစီရင်မှုသဘောဆန်သော ဆောင်ရွက်မှု၊ ပျက်ကွက်မှုများကြောင့် နိုင်ငံသားတစ်ဦး၏ ဥပဒေပါ အခွင့်အရေးတစ်ရပ်ရပ်ကို ထိခိုက်နစ်နာမှု၊ ဆုံးရှုံးမှုများ ပေါ်ပေါက်လာသည့်အခါ သို့မဟုတ် ဥပဒေအရ ကုစားရန် အခွင့်အရေး ကုန်ဆုံးသွားသည့်အခါ စာချွန်တော်အမိန့် လျှောက်ထားတောင်းဆိုသည့်နည်းလမ်းဖြင့် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

အခြေခံအားဖြင့် စာချွန်တော်ဖြင့် ပယ်ဖျက်နိုင်သောကိစ္စများမှာ -

(က) စီရင်ပိုင်ခွင့်မရှိဘဲ ချမှတ်ထားသော ဒီကရီ၊ အမိန့်နှင့် စီရင်ချက်

(ခ) စီရင်ပိုင်ခွင့်အာဏာကို ကျော်လွန်ပြီး ဆုံးဖြတ်ထားသောကိစ္စ

(ဂ) သိသာထင်ရှားစွာ လွဲမှားနေသော အမိန့်တို့ ဖြစ်ပါသည်။

စာချွန်တော်အမိန့်နှင့်ပတ်သက်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် ကနဦးအမိန့်ချမှတ်ရာတွင်လည်းကောင်း၊စာချွန်တော်အမိန့်လျှောက်ထားမှု စီရင်ချက်ချမှတ်ရာတွင် လည်းကောင်း **“ဥပဒေအရ အထင်အရှားမှားယွင်းချွတ်ချော်ခြင်း ရှိ မရှိ”** ကို အထူးအားဖြင့် စိစစ်လေ့ရှိပါသည်။

စာချွန်တော်အမိန့်များသည် အင်္ဂလန်နိုင်ငံတွင် ရှေးကျသောအချိန်ကာလကတည်းက စတင်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပြီး ပြည်သူတို့၏အခွင့်အရေးများကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်လျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ရှေ့တော်သွင်းစာချွန်တော်သည် နိုင်ငံသားတိုင်းအတွက် ဥပဒေနှင့်မညီသော တရားစွဲဆိုမှု၊ ဖမ်းဆီးမှုများကို အကာအကွယ်ပေးသည့် ဒိုင်းကြီးသဖွယ်ဖြစ်ပြီး မတရားဆောင်ရွက်မှုများအား စစ်ဆေးနိုင်ရေး တရားရုံးရှေ့သို့ ရောက်ရန်ဖြစ်ပါသည်။ပုဂ္ဂိုလ်ရေးဆိုင်ရာအရေးယူမှုများတွင် အမှန်

တရားရှာဖွေနိုင်ရန် ခုခံချေပသူအား ရုံးရှေ့သို့ အတင်းအကြပ်လာရောက်စေရေး အသုံးပြုသည့် စာချွန်တော်ဖြစ်ပါသည်။

ရှေ့တော်သွင်းစာချွန်တော်အမိန့် မူလအစကို ဘုရင် Edward I လက်ထက်တွင် တွေ့ရှိခဲ့ရပြီး တရားရုံးအနေဖြင့် လုပ်ထုံးလုပ်နည်းအရ လိုအပ်သည်ဟု ထင်မြင်လျှင် လူတစ်ဦးအား ရုံးရှေ့သို့ လာရောက်စေရန်အမိန့်ကို တစ်ကြိမ်မက ထုတ်ဆင့်နိုင်ပါသည်။၁၅ ရာစုခန့်တွင် ဘုရင့်တရားရုံးများနှင့် အထက်တရားရုံးများသည် အခြားတရားရုံးများအား ဆန့်ကျင်၍ ၎င်းတို့၏စီရင်ပိုင်ခွင့်ကို ကြေညာခဲ့ကြပါသည်။၁၇ ရာစုတွင် ဘုရင်မှ ၎င်းတို့၏ဓလေ့အတိုင်း ပါလီမန်မှ အတိုက်အခံခေါင်းဆောင်များအား ထောင်ချခဲ့ရာတွင် စာချွန်တော်ဖြင့်ပင် လွတ်မြောက်အောင် နည်းလမ်းရှာ၍ လုပ်ဆောင်နိုင်ခဲ့ကြပါသည်။၁၆၂၆ ခုနှစ်တွင် သူရဲကောင်း ၅ ဦးမှ ဘုရင့်ချေးငွေများအား ပေးဆပ်ရန် ငြင်းဆန်သဖြင့် ၎င်းတို့ ၅ ဦးအား အကြောင်းတစ်စုံတစ်ရာမပြဘဲ ဘုရင်၏အမိန့်အရ ဖမ်းဆီးချုပ်နှောင်ခဲ့ပါသည်။အချုပ်ခံရသူ ၅ ဦးမှ ၎င်းတို့အား လွှတ်ပေးရန်အတွက် တရားလွှတ်တော်သို့ ရှေ့တော်သွင်းစာချွန်တော်အမိန့် လျှောက်ထားခဲ့ပါသည်။ထိုသူတို့၏ လျှောက်ထားချက်အရ သူရဲကောင်း ၅ ဦးအား ချုပ်နှောင်ထားရာ အကျဉ်းစခန်းမှ တာဝန်ရှိပုဂ္ဂိုလ်အား ထို ၅ ဦးကို တရားလွှတ်တော်ရှေ့မှောက်သို့ တင်ပို့ရန်နှင့် မည်သည့်အတွက်ကြောင့် ချုပ်နှောင်ထားခြင်းမှ မလွှတ်ထိုက်ကြောင်း အကြောင်းပြစေရာတွင် အကျဉ်းစခန်းတာဝန်ခံမှ ဘုရင်၏အမိန့်ဖြင့် ချုပ်နှောင်ထားခြင်းသာဖြစ်ကြောင်း အကြောင်းပြခဲ့ပါသည်။ထိုသို့ဘုရင်၏အမိန့်ဖြင့် ချုပ်နှောင်ထားခြင်းဖြစ်စေကာမူ တရားဥပဒေနှင့် ညီ မညီကို တရားလွှတ်တော်မှ စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည်ဟု ဆုံးဖြတ်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

အမှုခေါ်စာချွန်တော်မှာ တရားရုံးများတွင် မည်ကဲ့သို့ဆောင်ရွက်သည်ကို သိလို၍ ဘုရင်၏ဆန္ဒအရ အကြောင်းကြားခြင်းမျိုး ဖြစ်ပါသည်။အမှုခေါ်စာချွန်တော်မှာ ရှေးကာလက ပြစ်မှုများတွင် အသုံးပြုခဲ့သော်လည်း နောက်ပိုင်းတွင် တရားမမှုများတွင်ပါ အသုံးပြုလာကြပါသည်။စာချွန်တော်အမိန့်အား ဘုရင့်ခုံရုံးမှဖြစ်စေ၊ တရားသူကြီးချုပ်မှဖြစ်စေ ထုတ်ဆင့်၍ မည်သည့်တရားရေးအရာရှိမဆို၊ မည်သည့်တရားရုံး၏ မှတ်တမ်းကိုမဆို တင်ပြစေရန် ဆင့်ဆိုခြင်းဖြစ်သည်။ရည်ရွယ်ချက်မှာ

တရားမဆိုင်ရာလုပ်ထုံးလုပ်နည်းများတွင် သက်သာခွင့်ပေးအပ်ရာ အောက်တရားရုံး၌ အလွန်အမင်းမှားယွင်းမှုကို အထောက်အပံ့ဖြစ်စေခြင်းမျိုးတွင် တရားရုံးချုပ်မှ ပြည့်စုံလုံလောက်သော တရားမျှတမှုရရှိစေရန်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

တားမြစ်စေစာချွန်တော်၏အဓိကရည်ရွယ်ချက်မှာ တရားရုံးများက စီရင်ပိုင်ခွင့်ထက် ကျော်လွန်ခြင်း၊ ဥပဒေလုပ်ပိုင်ခွင့်များအား အလွဲသုံးစားပြုလုပ်ခြင်း၊ သဘာဝတရားမျှတမှုဥပဒေကို ချိုးဖောက်ခြင်းများအား အောက်တရားရုံးများမှ မလုပ်ဆောင်ရန် ထုတ်ဆင့်ခဲ့ခြင်းပင်ဖြစ်သည်။ တားမြစ်စေစာချွန်တော်အမိန့်မှာ မည်သည့်အချိန်က စတင်ပေါ်ပေါက်ခဲ့ကြောင်း အတိအကျမသိရှိရသော်လည်း ၁၈၈၁ ခုနှစ်တွင် ဒုတိယမြောက် ဟင်နရီဘုရင်လက်ထက်က တားမြစ်စေစာချွန်တော်အမိန့်ဖြင့် သာသနာရေးဆိုင်ရာရုံးများသို့ ထုတ်ပြန်ခဲ့ကြောင်း တွေ့ရှိရပါသည်။ထို့ပြင် ပထမမြောက် အက်ဒဝပ်ဘုရင်၏နန်းစံသက်သုံးနှစ်တွင် ခရစ်ယာန်ဘုန်းတော်ကြီးတစ်ဦးအပေါ် အဆိုပါတားမြစ်စေစာချွန်တော်အမိန့်ထုတ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

အာဏာပိုင်မေးစာချွန်တော်အမိန့်မှာ အလွန်ရှေးကျသော စာချွန်တော်အမိန့်တစ်ခုဖြစ်ပါသည်။ အင်္ဂလိပ်ဘုရင် ကလင်း၏ အခွင့်အာဏာများ၊ အခွင့်အာဏာထူးများ၊ လွတ်လပ်ခွင့်များအပေါ် ထိပါးခြင်းကို ကာကွယ်ရန်အတွက် အဟန့်အတားအဖြစ် အသုံးပြုခဲ့သော စာချွန်တော်အမိန့် ဖြစ်ပါသည်။ ထိုသို့ဘုရင့်အမိန့်အနေဖြင့်သုံးစွဲလာခဲ့ရာမှ အချိန်ကြာမြင့်လာသည့်အခါ တရားရုံးအနေဖြင့် အာဏာပိုင်မေး စာချွန်တော်အမိန့်ကိုသုံးစွဲခဲ့ခြင်းဖြစ်ပါသည်။အာဏာပိုင်မေးစာချွန်တော်ကို အလွန်ရှေးကျသော အချိန်ကတည်းက သုံးစွဲခဲ့ခြင်းဖြစ်ပြီး ယခုကာလတွင်လည်း ခေတ်နှင့်အညီဖြစ်စေရန် သုံးစွဲလျက်ရှိပါသည်။လူတစ်ဦးတစ်ယောက်သည် နိုင်ငံသားအခွင့်အရေး၊ လွတ်လပ်မှုများကို မရသည့်အခါတွင် မည်သည့်အတွက်ကြောင့် မရကြောင်းကို စုံစမ်းစစ်ဆေးပေးရန်တောင်းဆိုသည့် စာချွန်တော်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

အာဏာပေးစာချွန်တော်အမိန့်မှာ ဒုတိယမြောက်အက်ဒဝပ်ဘုရင်(၁၂၈၄-၁၃၂၇)၏ လက်ထက်တွင် အင်္ဂလိပ်ဘုရင်များသည် ၎င်းတို့ပြုလုပ်လိုသည့် ကိစ္စရပ်များကို တိုင်းသူပြည်သားများအား

လုပ်ဆောင်စေရန် စာချွန်တော်အမိန့် ထုတ်ဆင့်၍ ဆောင်ရွက်စေခဲ့ရာမှ ပေါ်ပေါက်ခဲ့ခြင်း ဖြစ်ပါသည်။ထိုစဉ်က အဆိုပါအမိန့်များသည် တရားရုံးအမိန့် မဟုတ်ဘဲ ဘုရင်၏ကိုယ်ပိုင်အမိန့်ဖြင့် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး အဆိုပါအမိန့်မျိုးကို ဘုရင်၏အမည်ခံကာ တရားလွှတ်တော်မှ ထုတ်ပြန်ခဲ့သောအမိန့် ဖြစ်လာခဲ့ပါသည်။ ထိုအချိန်မှစတင်၍ အာဏာပေးစာချွန်တော်အမိန့်သည် တရားစီရင်ရေး ဆောင်ရွက်ချက်အဖြစ် ယင်းအမိန့်များကို ထုတ်ပြန်လာခဲ့ခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

အိန္ဒိယပြည်တွင် ကိုလိုနီခေတ်က ကာလကတ္တား၊ မဒရပ်၊ ဘုံဘေ တရားလွှတ်တော်များက စာချွန်တော်အမိန့်များကို ထုတ်ပေးရန်အာဏာရှိပါသည်။ထိုစဉ်က မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ ပြည်နယ်ခွဲတစ်ခုအဖြစ်သာ တည်ရှိနေသည့် အချိန်ကာလဖြစ်သည့်အားလျော်စွာ ၁၉၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် တရားလွှတ်တော်(High Court of Rangoon)ကို မြန်မာပြည်၌ သီးခြား ထူထောင်ခဲ့ပါသည်။(High Court of Rangoon)သည် ကာလကတ္တား၊ မဒရပ်၊ ဘုံဘေတရားလွှတ်တော်များကဲ့သို့ပင် စာချွန်တော်အမိန့်များ ထုတ်ဆင့်ခွင့်အာဏာ ရရှိခဲ့ပါသည်။

ထို့နောက် ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံအစိုးရအက်ဥပဒေ (Government of Burma Act) အရ မြန်မာပြည်သည် အိန္ဒိယ၏ပြည်နယ်တစ်ခု မဟုတ်တော့ဘဲ သီးခြားအုပ်ချုပ်သည့် နိုင်ငံဖြစ်လာသည်။ ထိုအချိန်က မြန်မာပြည်၏ တရားလွှတ်တော်အနေဖြင့် စာချွန်တော်အမိန့်များ ထုတ်ဆင့်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။၁၉၄၇ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြဋ္ဌာန်းခဲ့ပြီးနောက် ယင်းဥပဒေပုဒ်မ ၂၅(၂)အရ တရားလွှတ်တော်ချုပ်သည် စာချွန်တော်အမိန့် ၅ မျိုးကို ထုတ်ဆင့်နိုင်သည့် အာဏာရရှိခဲ့ပါသည်။၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် စာချွန်တော်အမိန့်များနှင့်ပတ်သက်၍ သီးခြားပြဋ္ဌာန်းခဲ့ခြင်းမရှိပေ။ယင်းသို့ ပြဋ္ဌာန်းထားခြင်းမရှိသော်လည်း စာချွန်တော်အမိန့်သဘော သက်ရောက်သည့် ကိစ္စရပ်များတွင်(ဥပမာ - အမှုခေါ်စာချွန်တော်အမိန့်နှင့် ရှေ့တော်သွင်းစာချွန်တော်အမိန့်) ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၁ နှင့် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၅တို့အရ ဆောင်ရွက်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၂၁ )　　　　၂၀၂၆ ခုနှစ် ဇူလိုင်လ ၃ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြဋ္ဌာန်းခဲ့ပြီးနောက် ယင်းဥပဒေပုဒ်မ ၂၉၆(က)အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် စာချွန်တော်အမိန့်(၅)မျိုး ဖြစ်သည့် ရှေ့တော်သွင်းစာချွန်တော်အမိန့်၊ အာဏာပေးစာချွန်တော်အမိန့်၊ တားမြစ်စေစာချွန်တော် အမိန့်၊ အာဏာပိုင်မေးစာချွန်တော်အမိန့်၊ အမှုခေါ်စာချွန်တော်အမိန့်တို့ကို ထုတ်ပိုင်ခွင့်အာဏာ ရှိကြောင်း တွေ့ရှိရပါသည်။နိုင်ငံသားများအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ အခန်း(၈)အရ ပေးအပ်ထားသော အခွင့်အရေးတစ်ရပ်ရပ်ကို ရယူလို လျှင် သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားပိုင်ခွင့်ရှိ ကြောင်း ယင်းဥပဒေပုဒ်မ ၃၇၇ နှင့် ၃၇၈ တို့တွင် အတိအလင်း ပြဋ္ဌာန်းထားရှိပါသည်။စာချွန်တော် အမိန့်များ လျှောက်ထားဆောင်ရွက်ခွင့်နှင့်စပ်လျဉ်း၍ ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၁၆ တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် စာချွန်တော်အမိန့်(၅)မျိုးကို ထုတ်ပိုင် ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားပြီး နိုင်ငံသားများ၏ ဥပဒေပါအခွင့်အရေးများကို စာချွန်တော်အမိန့်များက ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်လျက်ရှိနေပါကြောင်း လေ့လာတင်ပြအပ်ပါသည်။

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းနှင့် အစိုးရဌာန၊
အစိုးရအဖွဲ့အစည်းများအတွက် အမှုလိုက်ဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

- ၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံအစိုးရအက်ဥပဒေ
- ၁၉၄၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ
- ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)
- ၂၀၁၄ ခုနှစ်၊ စာချွန်တော်အမိန့်လျှောက်ထားခြင်းဆိုင်ရာဥပဒေ
- စာချွန်တော်၏ အနှစ်သာရများ၊ ဦးရီစိန် (တရားလွှတ်တော်ရှေ့နေ)

## နယ်သာလန်နိုင်ငံတွင် လိင်စိတ်ပြောင်းလဲကုသခြင်း (Conversion Therapy) ကို ပိတ်ပင်သည့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းခြင်း

နယ်သာလန် ပါလီမန်သည် လိင်စိတ်ပြောင်းလဲကုသခြင်း (Conversion Therapy)ကို ပြစ်မှုအဖြစ် သတ်မှတ်သည့် ဥပဒေတစ်ရပ်ကို ၁၆-၆-၂၀၂၆ ရက်နေ့က အတည်ပြုပြဋ္ဌာန်းခဲ့သည်။ယင်းကြောင့် နယ်သာလန်နိုင်ငံသည် တစ်ဦးချင်း၏ လိင်စိတ်တိမ်းညွတ်မှု (Sexual Orientation)နှင့် ကျား/မဖြစ်မှု (Gender Identity)တို့ကို ပြောင်းလဲရန်ရည်ရွယ်သည့် လုပ်ဆောင်ချက်များအပေါ် ရာဇဝတ်ကြောင်းအရ အပြစ်ပေးအရေးယူမည့် နောက်ဆုံးနိုင်ငံတစ်ခု ဖြစ်လာခဲ့သည်။

၁၆-၆-၂၀၂၆ ရက်နေ့က အတည်ပြုခဲ့သည့် ဥပဒေကြမ်းကို 'လိင်စိတ်ပြောင်းလဲရန် လုပ်ဆောင်မှုများကို ပြစ်မှုအဖြစ် သတ်မှတ်သည့်အက်ဥပဒေ'ဟု အမည်ပေးထားပြီး အထက်လွှတ်တော်(Eerste Kamer)တွင် စုစုပေါင်းမဲအရေအတွက် ၇၅ မဲအနက် ထောက်ခံမဲ ၅၇ မဲဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။အဆိုပါဥပဒေသည် လိင်စိတ်ပြောင်းလဲကုသမှု လုပ်ဆောင်ချက်များကို ပစ်မှတ်ထားပြီး ဥပဒေချိုးဖောက်သူများကို ယူရို ၂၇,၅၀၀ အထိ ငွေဒဏ်ချမှတ်နိုင်သည့်အပြင် အမြင့်ဆုံးထောင်ဒဏ်နှစ်နှစ်အထိ ချမှတ်နိုင်သည်။

လိင်စိတ်ပြောင်းလဲကုသခြင်းသည် ရှည်လျားပြီး အငြင်းပွားဖွယ်ရာသမိုင်းကြောင်း ရှိခဲ့သည်။ ၁၉ ရာစုနှောင်းပိုင်းကတည်းက စတင်ခဲ့သည့် အဆိုပါလိင်စိတ်ပြောင်းလဲကုသခြင်းသည် စိတ်ညှို့ခြင်း(Hypnosis)၊ ရင်ဆိုင်ကုသခြင်း(Exposure Therapy)နှင့် ဘာသာရေးအခြေပြု လုပ်ဆောင်ပေးခြင်းအပါအဝင် နည်းလမ်းအမျိုးမျိုးဖြင့် လိင်စိတ်ကို ပြောင်းလဲပေးနိုင်သည်ဟု ဆိုကြသည်။၁၉၇၃ ခုနှစ်တွင် အမေရိကန် စိတ်ရောဂါကုဆရာဝန်များအသင်း(American Psychiatric Association)က လိင်တူချစ်ခြင်းကို ၎င်းတို့၏ရောဂါရှာဖွေရေးနှင့် စာရင်းလက်စွဲစာအုပ်(DSM)မှ ပယ်ဖျက်ခဲ့ပြီး လိင်စိတ်တိမ်းညွတ်မှုသည် ကုသရန်လိုအပ်သည့် "ဝေဒနာ"မဟုတ်ဟူသော ပြောင်းလဲလာသည့်အမြင်များကို ထင်ဟပ်ပြသခဲ့သည်။ဤသို့ ပြောင်းလဲမှုများရှိခဲ့သော်လည်း ယင်းကျင့်ထုံးသည် နိုင်ငံတကာ

တွင် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ကုလသမဂ္ဂအဖွဲ့၏ အစီရင်ခံစာတစ်စောင်အရ လိင်စိတ်ပြောင်းလဲကုသမှုများသည် ပြင်းထန်သောနာကျင်မှုနှင့် ဒုက္ခများကို ခံစားရစေပြီး အများအားဖြင့် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုများကို ဖြစ်ပေါ်စေကြောင်း တွေ့ရှိခဲ့ရသဖြင့် ကမ္ဘာလုံးဆိုင်ရာပိတ်ပင်တားဆီးမှု ပြုလုပ်ရန် တောင်းဆိုခဲ့သည်။ကမ္ဘာ့စိတ်ရောဂါကုသရေးအသင်း (World Psychiatric Association) ကဲ့သို့သော နိုင်ငံတကာဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများကလည်း လိင်စိတ်ပြောင်းလဲကုသခြင်းကို ရှုတ်ချရာတွင် အလားတူ ကောက်ချက်ချမှုများ ပြုလုပ်ခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စုတွင် ဖက်ဒရယ်အဆင့် ပိတ်ပင်ထားခြင်း မရှိသေးသဖြင့် လိင်စိတ်ပြောင်းလဲကုသခြင်းနှင့် ပတ်သက်သည့်ဥပဒေများသည် ကွဲပြားလျက်ရှိသည်။ပြည်နယ် ၂၃ ခုနှင့် ကိုလံဘီယာအထူးဒေသတို့တွင် လိုင်စင်ရကျန်းမာရေးစောင့်ရှောက်မှုပေးသူများ အနေဖြင့် အရွယ်မရောက်သေးသူများကို လိင်စိတ်ပြောင်းလဲကုသခြင်း မပြုရန် ပိတ်ပင်ထားပြီး၊ ပြည်နယ် ၄ ခုတွင်မူ လိင်စိတ်ပြောင်းလဲကုသခြင်းအပေါ် ကန့်သတ်မှုများထားရှိသည်။သို့သော် ထိုဥပဒေအကာအကွယ်များသည် ပထမအကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်ကြောင့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ပြီးခဲ့သည့် မတ်လအတွင်းက အမေရိကန်တရားရုံးချုပ်သည် "Chiles v. Salazar" အမှုတွင် "စကားပြောဆိုခြင်းဖြင့် ကုသမှု"(Talk Therapy)နှင့်ပတ်သက်သော လိင်စိတ်ပြောင်းလဲကုသမှုကန့်သတ်ချက်များသည် စေ့စပ်သေချာစွာ စိစစ်သုံးသပ်ရမည့်ကိစ္စရပ်ဖြစ်သည်ဟု ဆုံးဖြတ်ခဲ့ပြီး ကော်လိုရာဒိုပြည်နယ်၏ ပိတ်ပင်မှုကို ပယ်ဖျက်ခဲ့သည်။လွန်ခဲ့သည့် ဒီဇင်ဘာလကလည်း ဆဋ္ဌမအယူခံတရားရုံး (Sixth Circuit Court of Appeals)သည် "Catholic Charities v. Whitmer" အမှုတွင် ပထမအကြိမ်ဥပဒေပြင်ဆင်ချက်ကို အကြောင်းပြု၍ မီရှီဂန်ပြည်နယ်၏ တားမြစ်ချက်ကို ပိတ်ပင်ခဲ့သည်။

နယ်သာလန်နိုင်ငံ၏ ၁၆-၆-၂၀၂၆ရက်နေ့က မဲခွဲဆုံးဖြတ်မှုသည် ဥရောပတစ်ဝှမ်းတွင် မကြာသေးမီက ဖြစ်ပေါ်နေသော ဖြစ်စဉ်များနှင့်ကိုက်ညီနေသည်။ဥရောပသမဂ္ဂအဖွဲ့ဝင် ၈ နိုင်ငံတွင်

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၂၁ ) ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃ ရက်

လိင်စိတ်ပြောင်းလဲကုသခြင်းကို အမျိုးသားအဆင့် ပိတ်ပင်ထားပြီးဖြစ်သည်။ပြီးခဲ့သည့် ဇန်နဝါရီလတွင် ဥရောပကောင်စီပါလီမန်ညီလာခံက အဖွဲ့ဝင်နိုင်ငံအားလုံးအနေဖြင့် ယင်းကုထုံးကို ပိတ်ပင်ရန်နှင့် ဥပဒေချိုးဖောက်မှုများအတွက် ရာဇဝတ်ကြောင်းအရ အပြစ်ပေးအရေးယူမှုများကျင့်သုံးရန် တိုက်တွန်းသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို အတည်ပြုခဲ့သည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ

ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

https://www.jurist.org/news/2026/06/netherlands-passes-law-banning-conversion-therapy/

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၂၁ ) ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃ ရက်

## ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများ ကျင်းပရာ နေရာအနီးတွင် Drone များ ပျံသန်းမှုကို အရေးယူခြင်း

၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ကနေဒါနိုင်ငံ၊ မက်ဆီကိုနိုင်ငံနှင့် အမေရိကန်နိုင်ငံများတွင် ပူးတွဲအိမ်ရှင်များအဖြစ် ၁၁-၆-၂၀၂၆ ရက်နေ့မှ ၁၉-၇-၂၀၂၆ ရက်နေ့ထိ ကျင်းပမည်ဖြစ်ပါသည်။ ဒရုန်းများသည် ဈေးသက်သာပြီး အလွယ်တကူ ဝယ်ယူအသုံးပြုနိုင်သဖြင့် အားကစားကွင်းများနှင့် ပရိတ်သတ်များစုဝေးရာ နေရာများအနီးသို့ ခွင့်မပြုဘဲ ပျံသန်းလာနိုင်သောကြောင့် လုံခြုံရေးအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာသည်။အိမ်ရှင်နိုင်ငံများ၏ လုံခြုံရေးအဖွဲ့များသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများအတွင်း ဒရုန်းများကြောင့် ဖြစ်ပေါ်လာမည့် အန္တရာယ်များကို ကာကွယ်ရန်အတွက် အမေရိကန်အာဏာပိုင်များနှင့် အမေရိကန်ပြည်ထောင်စု လေကြောင်းစီမံခန့်ခွဲရေးအဖွဲ့(Federal Aviation Administration-FAA)သည် အားကစားကွင်းများနှင့် တရားဝင်ပရိသတ်စုဝေးပွဲကျင်းပရာ နေရာများအနီးရှိ လေကြောင်းနယ်မြေများကို နိုင်ငံတော်ကာကွယ်ရေးလေကြောင်းနယ်မြေ (National Defense Airspace)အဖြစ် သတ်မှတ်ခဲ့ပါသည်။ထို့ပြင် ဒရုန်းမပျံသန်းရဇုန် (No Drone Zone)များအဖြစ် ကြေညာထားပြီး ဒရုန်းများကို စောင့်ကြည့်ရှာဖွေသည့်နည်းပညာနှင့် တားဆီးနိုင်သည့်စနစ်များကို အသုံးပြုလျက်ရှိသည်ကို တွေ့ရှိရပါသည်။

FAA ၏ ထုတ်ပြန်ချက်အရ အားကစားကွင်းများ၏ ပတ်ဝန်းကျင် ၃ ရေမိုင်(ခန့်မှန်း ၃.၅ မိုင်) အကွာအဝေးအတွင်းနှင့် မြေပြင်အထက် ပေ ၃,၀၀၀ အမြင့်အထိ လေယာဉ်အမျိုးအစားအားလုံး (ဒရုန်းများအပါအဝင်)ပျံသန်းခြင်းကို တားမြစ်ထားပြီး လေကြောင်းထိန်းချုပ်ရေးအဖွဲ့၏ အထူးခွင့်ပြုချက် ရရှိထားသူများသာ ပျံသန်းခွင့်ရှိမည်ဖြစ်သည်။FAA သည် Los Angeles Memorial Coliseum၊ Dallas Fair Parkနှင့် New Yorkရှိ Rockefeller Center ကဲ့သို့သော ပရိသတ်ပွဲတော် ကျင်းပရာနေရာများအနီးတွင်လည်း ဒရုန်းအသုံးပြုမှုကို ကန့်သတ်ထားပါသည်။လေကြောင်းပျံသန်းမှု ကန့်သတ်ချက်အားလုံးကို FAA ၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည့်ပြင် အပျော်တမ်းဒရုန်းမောင်းနှင်သူများ အသုံးပြုနိုင်သော B4UFLY အက်ပ်များတွင်လည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။ထို့ပြင် လိုအပ်ပါက နေရာအသစ်များကို ထပ်မံထည့်သွင်းနိုင်ပြီး ကန့်သတ်ထားသောနေရာများ၏ စာရင်းသည် အချိန်နှင့်အမျှ ပြောင်းလဲနိုင်ကြောင်း FAA က အသိပေးကြေငြာထားပါသည်။

FAA ၏ အဆိုအရ ခွင့်ပြုချက်မရှိဘဲ ကန့်သတ်ထားသော လေကြောင်းနယ်မြေအတွင်း ဒရုန်းပျံသန်းသူများသည် အမေရိကန် ဒေါ်လာ ၁၀၀,၀၀၀ အထိ ဒဏ်ငွေ ချမှတ်ခံရနိုင်ခြင်း၊ ဒရုန်းကို သိမ်းဆည်းခံရနိုင်ခြင်း၊ အဝေးထိန်းလေယာဉ် မောင်းနှင်ခွင့်လိုင်စင် (Remote Pilot License) ရုပ်သိမ်းခံရနိုင်ခြင်းနှင့် ရာဇဝတ်မှုဖြင့် တရားစွဲဆိုခံရနိုင်ခြင်းစသည့် ပြင်းထန်သောအရေးယူမှုများ ခံရမည်ဖြစ်ကြောင်း ကြေငြာထားသည်ကို တွေ့ရှိရပါသည်။

တက္ကဆက်ပြည်နယ်၊ La Port မြို့မှ John Alexander Meza သည် ၁၁-၆-၂၀၂၆ ရက်နေ့၌ ကျင်းပသော FIFA ကမ္ဘာ့ဖလားပြိုင်ပွဲ ဖွင့်ပွဲနေ့တွင် DJI Mavic 3 ဒရုန်းတစ်စင်းကို ဟူစတန်မြို့ရှိ ပျံသန်းခွင့်ကန့်သတ်ထားသော လေကြောင်းနယ်မြေအတွင်း ပျံသန်းခဲ့သဖြင့် တက္ကဆက်ပြည်နယ် တောင်ပိုင်းခရိုင်တရားရုံးတွင် တရားစွဲဆိုခံရသည်။ တင်သွင်းထားသော ရာဇဝတ်မှုဆိုင်ရာ တိုင်ကြားချက်အရ Mezaသည် အဝေးထိန်းလေယာဉ်မောင်းနှင်ခွင့်လိုင်စင် (Remote Pilot License) မရှိသည့်အပြင် ပျံသန်းခွင့်ကန့်သတ်ချက်များကိုလည်း ကြိုတင်မစစ်ဆေးခဲ့ကြောင်း၊၎င်း၏ဒရုန်းကိုလည်း Federal Aviation Administration (FAA)တွင် မှတ်ပုံတင်ထားခြင်း မရှိခဲ့ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။အစိုးရရှေ့နေများ၏ အဆိုအရ ၎င်း၏ဒရုန်းပျံသန်းမှုမှာ ၂ မိနစ်ခန့် ကြာမြင့်ခဲ့ပြီး အမြင့်ပေ ၂၀၀ ကျော်အထိ ပျံသန်းခဲ့သဖြင့် အရေးယူခံရထားရကြောင်း တွေ့ရှိရပါသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲသည် ဇူလိုင် ၁၉ ရက်နေ့တွင် MetLife Stadium၌ ကျင်းပမည့် ဗိုင်နယ်ပွဲဖြင့် ပိတ်ပွဲကျင်းပမည်ဖြစ်ပါသည်။ပြိုင်ပွဲပြီးဆုံးပြီးနောက်တွင်လည်း အမေရိကန်နိုင်ငံတွင် အားကစားပွဲများ၊ လေဆိပ်များ၊ အရေးကြီးအခြေခံအဆောက်အအုံများနှင့် အခြားပတ်ဝန်းကျင်နေရာများတွင် ဒရုန်းပျံသန်းမှုနှင့်စပ်လျဉ်းသော ကန့်သတ်ချက်များ ဆက်လက်ရှိနေမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

တရားမဆိုင်ရာအမှုလိုက်ဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**Source:**

https://edition.cnn.com/2026/07/01/us/drones-world-cup

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၂၁ )    ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃ ရက်

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

